
# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၇)
# တိုက်ပွဲဖြစ်ပွားမှုတည်နေရာများ



- စစ်ကောင်စီနှင့် တိုင်းရင်းသား လက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ
- တိုင်းရင်းသား လက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားခဲ့သောတိုက်ပွဲများ
- စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ

## ■ ဒေသတိုင်းနီးပါးတိုက်ပွဲဖြစ်

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၁၆ ရက်အတွင်း တိုင်းနှင့်ပြည်နယ် ဒေသတိုင်းနီးပါးတွင် တိုက်ပွဲများ ဖြစ်ခဲ့သည်ကို တွေ့ရှိရသည်။ တိုက်ပွဲအမျိုးအစားအား ဖြင့် သုံးမျိုးခွဲခြားထားပြီး စစ်ကောင်စီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) အကြား ဖြစ်ပွားသော တိုက်ပွဲများ၊ EAOs အချင်းချင်းအကြား ဖြစ်ပွားသော တိုက်ပွဲများ၊ စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ (PDF/LDF/CDF/KNDF စသည်ဖြင့်) အကြားဖြစ်ပွားသော တိုက်ပွဲများဟူ၍ ဖြစ်သည်။ ယခု ပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီ ဖြစ်ခဲ့ပြီး တကြိမ်မက ဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။


ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# ISP-MYANMAR
www.ISPMyanmar.com

17 December, 2021

# WHAT MATTERS

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၇)
## တိုက်ပွဲဖြစ်ပွားမှုတည်နေရာများ





● စစ်ကောင်စီနှင့် တိုင်းရင်းသား
လက်နက်ကိုင်များအကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ

### EAOs နယ်မြေများတွင် တိုက်ပွဲပြင်းထန်

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက် မှ ဒီဇင်ဘာ ၁၆ ရက်အတွင်း တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) နှင့် စစ်ကောင်စီအကြား တိုက်ပွဲဖြစ်ပွားမှု **၁,၁၅၇ ကြိမ်** ထက်မနည်း ဖြစ်ခဲ့ပါသည်။ အဆိုပါ တိုက်ပွဲများအနက် **၉၆ ရာခိုင်နှုန်းကျော်** မှာ ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေအတွင်းဖြစ်ခဲ့ခြင်းဖြစ်သည်။ ယခုတပတ်အတွင်း၌လည်း **ကရင်ပြည်နယ်၊ လေးကေ့ကော်မြို့တွင်** စစ်ကောင်စီနှင့် KNU တို့အကြား တိုက်ပွဲဖြစ်မှု ပြင်းထန်ခဲ့သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၇)
## တိုက်ပွဲဖြစ်ပွားမှုတည်နေရာများ





● စစ်ကောင်စီနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ အကြား ဖြစ်ပွားခဲ့သောတိုက်ပွဲများ

### ■ ဒေသခံကာကွယ်ရေးတပ်များ၏ တိုက်ပွဲဆင်မှု စစ်ကိုင်းတိုင်းတွင် အများဆုံးဖြစ်ခဲ့

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက် မှ ဒီဇင်ဘာ ၁၆ ရက်အတွင်း မြန်မာနိုင်ငံအနှံ့တွင် ဒေသခံကာကွယ်ရေးတပ်များ(PDF/LDF/CDF/KNDF စသည်ဖြင့်) နှင့် စစ်ကောင်စီအကြား တိုက်ပွဲဖြစ်ပွားမှု **၃၃၆ ကြိမ်** ထက်မနည်းရှိခဲ့သည်။ စစ်ကိုင်းတိုင်းတွင်တိုက်ပွဲဖြစ်ပွားမှု **၁၁၉ ကြိမ်** ထက်မနည်းရှိခဲ့ပြီး အများဆုံးဖြစ်ခဲ့သည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ ထို့အပြင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့ရှိ ပူးပေါင်းတပ်ဖွဲ့များ (EAOs များနှင့် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ) နှင့် စစ်ကောင်စီတို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၆၇)
## တိုက်ပွဲဖြစ်ပွားမှုတည်နေရာများ




● တိုင်းရင်းသားလက်နက်ကိုင်များ အချင်းချင်း ဖြစ်ပွားခဲ့သောတိုက်ပွဲများ

### ရှမ်းတိုင်းရင်းသားလက်နက်ကိုင် နှစ်ဖွဲ့အကြား ပဋိပက္ခတင်းမာနေဆဲ

၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက် မှ ဒီဇင်ဘာ ၁၆ ရက် အတွင်း ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP/SSA) နှင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့အကြား တိုက်ပွဲဖြစ်ပွားမှု **၁၆ ကြိမ်**ထက်မနည်း ရှိခဲ့ပြီး လက်ရှိအချိန်ထိလည်း ပဋိပက္ခများတင်းမာမှု ဆက်ရှိနေသည်။ ယခုပြသထားသည့် တည်နေရာများသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အချင်းချင်းအကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ၏ တည်နေရာပြမြေပုံ ဖြစ်ပါသည်။ ယခုပြသထားသည့် တည်နေရာများသည် တိုက်ပွဲဖြစ်ပွားခဲ့ရာ မြို့နယ်များ၏ တည်နေရာကိုသာ ဖော်ပြထားခြင်းဖြစ်ပါသည်။ မြို့နယ်တခုတွင် အနည်းဆုံး တိုက်ပွဲတကြိမ်စီ ဖြစ်ခဲ့ပြီး တကြိမ်မကဖြစ်ခဲ့သော မြို့နယ်များလည်း ပါရှိပါသည်။

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။